# *ရန်ငြိုးဖြေရာ မေတ္တာတိုက်ပွဲ*

၁။ ရန်သူရှိလျှင် သို့မဟုတ် တနံ့နံ့ တမြေ့မြေ့ စိတ်မကျေချမ်းဖွယ်ရာ ရန်ငြိုးဖွဲ့မိသူ ရှိနေလျှင် အလွန်ချစ်မြတ်နိုးသူ၊ မချစ်မမုန်း အလယ်အလတ်စား ရှိသူများအပေါ် မေတ္တာစျာဉ်စိတ် (အနည်းဆုံး ဥပစာရသမာဓိ) ဖြစ်ပေါ်အောင် တစ်ဦးချင်း ပွားများနေရ၏။ ပြီးမှ ရန်သူကို ပွားရသည်။

အကယ်၍ မေတ္တာပွားနေဆဲ ဒေါသ အာဃာတစိတ် ဝင်နှောက်လာခဲ့လျှင် ရှေးပုဂ္ဂိုလ်များ အပေါ် ပြန်၍ပွားရသည်။ မနိုင်လျှင် ရှေ့မတက်ရ၊ မိမိဒေါသကို မနိုင်မချင်း တိုက်ရသော မေတ္တာတိုက်ပွဲ ဖြစ်၏။ ဤနည်းဖြင့် မနိုင်လျှင် အောက်ပါအတိုင်း ဆက်လက် ဆင်ခြင်ပါ။

သင် ဘုရားစကား နားထောင်သူလား

၂။ "လောကမှာလည်း ချမ်းသာ၊ သံသရာ လွတ်မြောက်မှုကိုလည်း ရှာနေပါသည် ဆိုသော အိုယောဂီ၊ "ခိုးသားဓားပြ လူဆိုးများက အစွန်းနှစ်ဘက် အရိုးတပ်ထားသော ငါးမန်းစွယ်လွှဖြင့် တိုက်ဖြတ် ခံရသော်လည်း စိတ်မဆိုးရ၊ ထိုသူအပေါ် အမျက်မထွက်ရ၊ စိတ်ဆိုးစိတ်ပျက် အမျက်ထွက်သေးလျှင် ထိုယောဂီဟာ ငါဘုရားစကားကို နားထောင်သူ မဟုတ်တော့ဘူး" လို့ ဟောခဲ့တယ် မဟုတ်လား၊ ဒါတင်မက-

အရင်လူထက် နောက်လူမိုက်

၃။ "ပဌမ အမျက်ထွက်သူကို တုံ့ပြန်၍ အမျက်ထွက်လျှင် ပဌမလူထက် ယုတ်မာတဲ့သူ ဖြစ်သွားပြီ။ တုံ့ပြန် အမျက်မထွက်ဘဲ သည်းခံနိုင်မှ အောင်နိုင်ခဲသော စစ်ပွဲ (ကိလေသာစစ်ပွဲ) ကို အောင်နိုင်မယ်" လို့လည်း ဟောတော်မူခဲ့တယ်။ အမျက်ထွက်တာ အကျိုးယုတ်မှန်း သင်မြင်နေရပါလျက် ထိုလမ်းစဉ်ကိုပဲ သင်ထပ်ပြီး လိုက်နေပြန်ပြီ။

ပြည်သူ့အကျိုး ကိုယ့်အကျိုး

၄။ သူတစ်ပါး အမျက်ထွက်၍ လက်တွေ့ ဆင်းရဲပူပန်ရသည်ကို သိတဲ့သူဟာ အမျက်မထွက်ဘဲ ချက်ချင်းစိတ်ကို နိုင်အောင် ထိန်းလိုက်နိုင်လျှင် ငြိမ်းချမ်းစွာ နေရရုံမျှမက တစ်ဘက်သား အကျိုးကိုပါ ကျင့်ဆောင်သည် မည်သတဲ့။ (မိမိ သူတစ်ပါး နှစ်ဦးသား အကျိုးရှိအောင် လုပ်လိုသူလို့ ခေါ်သတဲ့။)

စိတ်ဆိုးလျှင် ရုပ်ဆိုး

၅။ အိုယောဂီ.. ဒေါသထွက်နေတဲ့ လူဟာ (၁) အရုပ်ဆိုးလာတယ်၊ (၂) ချမ်းချမ်းသာသာ မအိပ်ရ မနေရဘူး၊ (၃) အကျိုးစီးပွားလည်း ပျက်တယ်၊ (၄) စည်းစိမ်ဥစ္စာ ယုတ်လျော့တယ်၊ (၅) မြွေဆိုးနား မကပ်ရဲသလို ဒေါသကြီးသူမှာ အခြွေအရံလည်း

မရှိဘူး၊ (၆) မိတ်ကောင်း ဆွေကောင်း မရှိဘူး၊ (၇) သေတဲ့နောက် သုဂတိဘဝကို မရ၊
အပါယ်လေးပါးသို့ ကျတတ်တယ်။

အိုယောဂီ.. ဒါတွေဟာ သင့်ရန်သူက သင့်ကို ဖြစ်စေချင်နေတဲ့ ဟာတွေချည်းပဲ၊ သင်ဟာ သင့်ရန်သူ
အကြိုက်ကိုချည်း
လျှောက်ပြီး လုပ်နေသလို ဖြစ်နေပါပကောလား။ သင့်အပေါ် ရန်သူက လုပ်ရမယ့်
အလုပ်တွေကို ရန်သူအကြိုက် သင့်ဟာသင် လိုက်ပါလုပ်နေရာ မရောက်ပါလား။

ထင်းကုလားတုံး အသုံးမကျ

၆။ အိုယောဂီ.. သူသေကောင် မီးဖုတ်ရာ၌ ထိုးဆွတဲ့ သံစူးငါး ထင်းကုလားတုံးဟာ အိမ်ဆောက်ဖို့
မီးဆိုက်ဖို့ တောရောအိမ်ပါ ဘာမှ အသုံးမဝင်တော့ သလို အလိုရမ္မက်နှင့် အမျက်ဒေါသကြီးတဲ့ ယောဂီဟာ
ကာမဂုဏ် ခံစားမှုကိုလည်း မရ၊ အကျင့်ဓမ္မလည်း ဆုံးရှုံး ထင်းကုလားတုံးပဲ လို့လည်း ဟောတော်မူခဲ့တယ်။

အိုယောဂီ.. သင်ဟာ ဘုရားစကားကို မလိုက်နာသူ၊ ပထမ ဒေါသထွက်သူထက် ပို၍ယုတ်မာကာ
အောင်ပွဲမရသူ၊ ရန်သူအကြိုက် ခုရောနောင်ပါ ကိုယ့်ကိုယ်ကို နစ်နာ
ဆုံးရှုံးအောင် လုပ်သူ ထင်းကုလားတုံးလိုလူ ဖြစ်နေပြီ။”

ဤသို့ စသည်ဖြင့် ဘုရားဟော ဒေသနာ စာပေကျမ်းဂန် အရလည်း ဆင်ခြင်၍ ဒေါသကို
ရှောင်ကြဉ်ရ၏။ အရိယာ သူတော်ကောင်းကြီးများ ပြောဆို ဆုံးမချက်များကို
အောက်မေ့၍လည်း ဆင်ခြင်ရ၏။ ဤနေရာ၌ အရှင်သာရိ ပုတ္တရာ၏ ရန်ငြိမ်းဖြေနည်းကိုလည်း
မှတ်သားသင့်သည်။

ကောင်းကွက်ကလေးများကို ရှာကြည့်
အရှင်သာရိပုတ္တရာ ရန်ငြိမ်းဖြေနည်း

၇။ ရန်ငြိမ်းဖြေဖျောက်နည်းနှင့် စပ်၍ အရှင်သာရိ ပုတ္တရာက ရဟန်းများကို ဟောကြားဖူး၏။ “အင်္ဂုတ္တိုရ်
ပဉ္စကနိပါတ် ဒုတိယ အာဃာတ ပဋိဝိနယသုတ်” ဟု ခေါ်၏။
အတိုချုပ် ဆိုလိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

လောက၌ ရန်ငြိုးထားမိသော ပုဂ္ဂိုလ်ကို ငါးမျိုးငါးစားခွဲခြား၍ ပုဂ္ဂိုလ်အလိုက် “ဆိုးတာကို မေ့ဖျောက်လျက်
ကောင်းကွက်ကလေး များကိုသာ ရှာကြံနှလုံးသွင်း၍ ဖြေဖျောက်ရသောနည်း” ဖြစ်သည်။ လူတိုင်း၌
အဆိုးရှိသကဲ့သို့ အကောင်းကလေးများလည်း ရှိမြဲပင်။

(၁) အချို့ရန်သူမှာ ကိုယ်အမူအယာ ယုတ်သော်လည်း နှုတ်ကောင်း၏။ (ကာယကံ ဒုစရိုက် ပြုသော်လည်း
ဝစီသုစရိုက် ကျင့်သူဖြစ်၏။) ပုံသကူ အဝတ်စုတ်ကို သက်န်းချုပ်ရန် ကောက်ယူသော ရဟန်းသည်
အညစ်အထေး
အဆွေးအမြွေနေရာကို ဖြတ်ပယ်၍ အကောင်းကလေးများ ကိုသာ ရွေးချယ်

ချုပ်စပ်ရသကဲ့သို့ ထိုသူ၏ ရိုင်းပြသော ကိုယ်အမူအကျင့်ကို မေ့ဖျောက်ကာ ဂစီကံ စင်ကြယ်မှုကိုသာ ကြည့်ရှု ဂမ်းမြောက်၍ နေရမည်။

(၂) နှုတ်ရိုင်း၍ ကိုယ်ယဉ်ကျေးသူမျိုး အပေါ်၌လည်း ခရီးပန်း ရေဆာနေသူအတွက် မော်သေး မော်မှိုက်များရှိသော ရေကန်ကို တွေ့လျှင် မော်ရေညှိများကို ဖယ်ကာဖယ်ကာ ရေကိုသာ လက်ခုပ်ဖြင့် သောက်ရသကဲ့သို့ ကောင်းကွက်ကိုသာ ရှု၍ ဖြေဖျောက်ရမည်။ (အပြောက သူ့ဂသီမို့ အပေါက်ဆိုးပေမယ့် သူ့ လုပ်ဆောင်ချက်ကတော့ ကောင်းပါတယ်.. စသည်)

(၃) အချို့သူမှာ ကိုယ်ရော နှုတ်ပါ ရိုင်းပြသော်လည်း ထိုသူနှင့်စပ်၍ ရံခါ ဂိပဿနာ အခွင့်အလမ်းနှင့် စိတ်ချမ်းမြေ့မှုကို ရတတ်သော အလှည့် ရှိတတ်သေး၏။ ထိုသူမျိုး အပေါ်၌ နွေအခါ ခရီးပန်း ရေဆာနေသူအတွက် နွားခြေရာခွက်ထဲက ရေသည်ပင် အကျိုးပြုတတ်သကဲ့သို့ သဘောထားရသေးသည်။ ထိုနွားခြေရာခွက်ထဲက ရေကို လက်ခုပ်ဖြင့်၊ ခွက်ဖြင့် ခပ်ယူလျှင် နောက်ကျိသွားနိုင်၏။ လေးဘက်ထောက်၍ သောက်တတ်ပါလျှင် မွတ်သိပ်မှု ပြေပျောက်နိုင်သကဲ့သို့ ထိုသူ၏ ကိုယ်နှုတ် ရိုင်းပြမှုကို မေ့ဖျောက်ကာ သူ့ကို အကြောင်းပြု၍ ရရှိသော ဂိပဿနာ အခွင့်အလမ်းနှင့် စိတ်ချမ်းမြေ့မှု ကလေးကိုသာ အာရုံပြုပြီး ကျေနပ်ရမည်။

(၄) ကိုယ်နှုတ်လည်း ရိုင်းပြ၊ နွားခြေရာခွက်ထဲက ရေလောက်မှ ကျေးဇူးမရှိ၊ ဂိပဿနာ အခွင့်အလမ်းနှင့် စိတ်ချမ်းမြေ့ဖွယ်ရာ တစ်ကွက်မှ ရှာမတွေ့သော သူမျိုးလည်း ရှိပေသေး၏။

ထိုလူမျိုးအပေါ်၌ အနာရောဂါကြီး နှိပ်စက်၍ ကူဖော်လောင်ဖက်မရှိ၊ အစာရေစာ ဆေးဂါးမရှိ၊ ရွာဆက်ဝေးသော ခရီးအကြား ဒုက္ခကြီးစွာဖြင့် ခရီးသွားနေရသော လူ့ဒုက္ခိတကို မြင်တွေ့ရသောအခါ မိမိလည်း ဘာမှမတတ်နိုင်၊ သနားစိတ်ကိုသာ မွေးမြူရသကဲ့သို့ "ဒုစရိုက်ဖယ်ရှားကာ သုစရိုက်တရား ကျင့်ပွားနိုင်ပါစေ၊ အပါယ်ငရဲ လွတ်ပါစေ" ဟူသာ ကောင်းကွက်ကို ရှာမရသဖြင့် ကရုဏာကိုသာ ပွားနေရမည်။

(၅) ကိုယ်နှုတ်ယဉ်ကျေး၊ ဂိပဿနာ အခွင့်အရေးနှင့် စိတ်အေးချမ်းမှုရသော ပုဂ္ဂိုလ်မျိုး အပေါ်၌ကား နွေအခါ ရေဆာခရီးပန်းသူ ရေကန်အသင့် ကြာအသင့် တွေ့ရသကဲ့သို့ အကောင်းတွေကိုချည်း ဆင်ခြင်အောက်မေ့ကာ ရန်ငြိုးကို လွယ်ကူစွာ ဖြေဖျောက်နိုင်ရမည်။

ကံတရားကို ဆင်ခြင်

၈။ အထက်ပါအတိုင်း ဆင်ခြင်၍မှ မပြေပျောက်သေးလျှင် ကံ, ကံ၏အကျိုးကို ဆင်ခြင်ရမည်။

"အိုယောဂီ၊ သတ္တဂါမှန်သမျှ ကိုယ်ပြုတဲ့ ကံတရားအတိုင်းသာ ခံကြ စံကြရတယ်၊ သူက သင့်အပေါ်ပြုလို့ သင့်မှာ မခံရ၊ မစံရဘူး၊ သူ့ထိုက်နဲ့ သူ့ကံသာ ရှိပါစေ၊
အကုသိုလ်ဟာ အလွန် ကြောက်စရာ ကောင်းတယ်၊ သင်ဟာ ကံ, ကံ၏ အကျိုးကို သိပါလျက်
အလွန် တာဝန်ကြီးလှတဲ့ ဒေါသကြီးကို လက်မခံသင့်ဘူး။"

"သူတစ်ပါးကို နှိပ်စက်ပုတ်ခတ်ရန် မီးကျီခဲနှင့် မစင်ကို ကိုယ်ယူမိတဲ့ သူဟာ သူတစ်ပါးကို
မနှိပ်စက်ရခင် ပထမဆုံး မိမိမှာ ပူလောင် ညစ်ပေစေသလို ကိုယ့်ဒေါသကပဲ ကိုယ့်ကို အရင်ဆုံး
ဒုက္ခပေးနေပြီ၊ လေအောက်ကနေပြီး လေညာကလူကို သဲနဲ့ ဖုံနဲ့ ပက်သလို မလုပ်သင့်ဘူး။"

ဤသို့ စသည်ဖြင့် ဒေါသ၏ အပြစ်များကို ကြားနာ ဖတ်ရှုဖူးသမျှ၊ တွေ့မြင်ဖူးသမျှ
ဆင်ခြင်၍ ဒေါသ မထွက်မိအောင် စိတ်ကို ထိန်းနိုင်ရ၏။ လေ့ကျင့်ရ၏။ ဒေါသ
ဖြစ်စရာကို ရှောင်တန် ရှောင်သွားရ၏။

တစ်စုံတစ်ခုသော တရားလေ့ကျင့်နည်း လက်ကိုင် ရှိလျှင်ကား အလွယ်တကူပင် ကျော်လွန်အောင်
ရှမှတ်ပစ်ရလေသည်။ ယောဂီများအတွက် မခက်ခဲတတ်။ ထို့ကြောင့် ကမ္မဋ္ဌာန်း
ရှုပွားနေသော ယောဂီများ မေတ္တာကို လေ့ကျင့်လျှင် ပို၍ လွယ်ကူထမြောက်
ခရီးပေါက် မြန်ကြလေသည်။

~~~~~~~~~~~~~~~~~~~~~~~

၁၉၈၇၊ ဇန်နဝါရီလထုတ် မွှော်စရိယဦးဌေးလှိုင် ရေးသားသော မေတ္တာဂါဒ (ပြဟ္မဝိဟာရအဖွင့်)
~~~~~~~~~~~~~~~~~~~~~~~